ခုံသမာဓိအဖွဲ့ဆုံးဖြတ်ချက်ပုံစံ(၉)

{ နည်းဥပဒေ ၁၇ (ဃ) }

ခုံသမာဓိအဖွဲ့

ပဲခူးတိုင်းဒေသကြီး

ပဲခူးမြို့

အငြင်းပွားမှုအမှတ် (၁/၂၀၂၂)

| | | |
|---|---|---|
| ဦးစိုင်းလင်းထွန်းပါ (၃)ဦး ( အလုပ်သမား )<br>ပွဲစားကြီးကုန်း၊ ပဲခူးမြို့နယ် | } | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | | |
|---|---|---|
| Mr.Zhang Leping ( လုပ်ငန်းပိုင်ရှင် )<br>ဟိန်းရဲစိုး ( သစ်အချောထည်စက်ရုံ)<br>အမှတ် (၆)ရပ်ကွက်၊ တောင်သုံးလုံးလမ်း၊<br>အင်းတကော်၊ ပဲခူးမြို့နယ်။ | } | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ မေလ ( ၂ )ရက်

## ဆုံးဖြတ်ချက်

၁။ ပဲခူးတိုင်းဒေသကြီး၊ အမှတ် (၆)ရပ်ကွက်၊ တောင်သုံးလုံးလမ်း၊ အင်းတကော်၊ ပဲခူးမြို့နယ်၊ ပဲခူးမြို့ရှိ Mr.Zhang Leping ပိုင်ဆိုင်သော ဟိန်းရဲစိုး (သစ်အချောထည်စက်ရုံ)နှင့် အလုပ်သမား ဦးစိုင်းလင်းထွန်းပါ (၃)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုအား ပဲခူးမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ( ၂၃-၃-၂၀၂၂ )၊ (၂၅-၃-၂၀၂၂)၊ (၂၈-၃-၂၀၂၂)၊ (၂၉-၃-၂၀၂၂) ရက်နေ့တို့တွင် အမြဲတမ်းဝန်ထမ်းအဖြစ်မှ နေ့စားဝန်ထမ်းအဖြစ်သို့ ပြောင်းလဲခန့်ထားသည့်ကိစ္စနှင့်ပတ်သက်၍ (၄) ကြိမ် ညှိနှိုင်းပေးသော်လည်း ပြေလည်မှုမရရှိ၍ ပဲခူးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ အမှုတွဲလွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် အလုပ်ရှင် Mr.Zhang Leping မှ ဦးစိုင်းလင်းထွန်းပါ (၃)ဦးအား သစ်ကုန်ကြမ်းမရရှိသောကြောင့် သစ်လုပ်ငန်းမှ ကွမ်းသီးပေါင်း၍ အခြောက်ခံသည့်လုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်တော့မည်ဖြစ်သဖြင့် ယခုတိုင်ကြားခဲ့သော ဦးစိုင်းလင်းထွန်းပါ (၃)ဦးအား အမြဲတမ်းဝန်ထမ်း(လစား) အဖြစ်သို့ ပြန်လည်ခန့်ထားမည်ဖြစ်ကြောင်း၊ အလုပ်သမားများမှ ကွမ်းသီးလုပ်ငန်းတွင် ပြောင်းလဲနိုင်းစေခြင်းသည် လုပ်ငန်းသဘောသဘာဝ မတူညီသည့်အတွက် ဆက်လက်လုပ်ငန်း မလုပ်ကိုင်နိုင်သည့်အတွက် ဥပဒေအရ ရသင့်ရထိုက်သော လုပ်သက်အလိုက်နစ်နာကြေးပေးရန် တောင်းဆိုခဲ့ရာမှ အငြင်းပွားမှုဖြစ်ပွားခဲ့ပါသည်။

ကောက်ချက်အမှတ်(၁)။ ဦးစိုင်းလင်းထွန်းပါ (၃)ဦးအား လုပ်သက်အလိုက်နစ်နာကြေးပေးရန် သင့်/မသင့်

သုံးသပ်ချက်အမှတ်(၁)။ ဦးစိုင်းလင်းထွန်းသည် (၂-၃-၂၀၁၈) ရက်နေ့တွင် လွှသွေးရာထူးဖြင့် လစာငွေ(၆၅၀၀၀ဝိ/-)ကျပ်တိတိဖြင့်လည်းကောင်း၊ ဦးဇော်ဇော်အောင်သည် (၂၂-၆-၂၀၂၀)နေ့တွင် လုပ်သားရာထူးဖြင့် လစာငွေ(၁၈၀၀၀ဝိ/-)ကျပ်တိတိဖြင့်လည်းကောင်း၊ ဦးကျော်စွာလင်းမှ (၂၆-၉-၂၀၁၈)နေ့တွင် သစ်ခွဲရာထူးဖြင့် လစာငွေ (၁၈၀၀၀ဝိ/-) ကျပ်တိတိဖြင့်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ပါကြောင်း (၁၀/၂၀၂၁)လအထိ အလုပ်သမား(၃)ဦးစလုံး ခန့်ထားသည့် လစာအပြည့် ရရှိခဲ့ပါကြောင်း၊ (၁၁/၂၀၂၁) လမှစ၍ စက်ရုံအား ယာယီပိတ်သိမ်းပြီး ဦးစိုင်းလင်းထွန်းအား ထမင်းစရိတ်နှင့် အဆောင်လခ(၈၀၀၀ဝိ/-)နှင့် တစ်နေ့အတွက် အလုပ်ဆင်းပါက(၂၀၀၀ဝိ/-) နှုန်းဖြင့်လည်းကောင်း၊ ဦးဇော်ဇော်အောင်မှ နေ့စားအဖြစ် အလုပ်ဆင်းပါက (၆၀၀ဝိ/-)နှုန်းဖြင့်လည်းကောင်း၊ ဦးကျော်စွာလင်းအား နေ့စားအဖြစ် အလုပ်ဆင်းပါက တစ်ရက် (၆၀၀ဝိ/-)နှုန်းဖြင့်လည်းကောင်း ပြောင်းလဲပေးအပ်ခဲ့ပါကြောင်း၊ မိမိတို့ အလုပ်သမား (၃)ဦးအနေဖြင့် အလုပ်ရှင်မှခန့်မှန်း (၁)လနှင့် (၂) လကြာပြီးပါက အမြဲတမ်း(လစား)အဖြစ် ပြန်လည်ခန့်ထားပေးပါမည်ဟု ပြောကြားခဲ့သည်ကို ယုံကြည်ပြီး စားဝတ်နေရေးအရ လုပ်ငန်း

ဆက်လက်လုပ်ကိုင်ခဲ့ရပါကြောင်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းခဲ့စဉ်က ဦးစိုင်းလင်းထွန်းပါ (၃)ဦးအနေဖြင့် လုပ်ငန်းပိုင်ရှင်အား ငဲ့ညှာသောအားဖြင့် ဥပဒေပါရပိုင်ခွင့်များ မတောင်းဆိုဘဲ ဦးစိုင်းလင်းထွန်းမှ လူမှုဂရုဏာကြေးငွေကျပ် (၁၅၀၀၀၀ိ/-)၊ ဦးဇော်ဇော်အောင်မှ လူမှုဂရုဏာကြေးငွေကျပ် (၂၀၀၀၀ိ/-)၊ ဦးကျော်စွာလင်းမှ လူမှုဂရုဏာကြေးငွေကျပ် (၅၀၀၀၀ိ/-)၊ စုစုပေါင်း (၂၂၀၀၀၀ိ/-)ငွေကျပ် (နှစ်သိန်းနှစ်သောင်းတိတိအား) ညှိနှိုင်းတောင်းဆိုခဲ့ရာ နောက်ဆုံး(၄)ကြိမ်မြောက်အထိ ပြေလည်မှုမရရှိပါသဖြင့် ဥပဒေပါရပိုင်ခွင့်အား ခုံသမာဓိအဖွဲ့ထံ တက်ရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စက်ရုံပိုင်ရှင်မှ စက်ရုံယာယီပိတ်သိမ်းခြင်းနှင့် ပတ်သက်၍ ဦးစိုင်းလင်းထွန်းပါ (၃)ဦးအား စာဖြင့်တရားဝင်မထုတ်ပြန်ခဲ့ပါကြောင်း၊ လုပ်ငန်းအား (၁)လ၊ (၂)လ ဆက်လက်လုပ်ကိုင်ပေးစေလိုပြီး အမြဲတမ်းဝန်ထမ်းအဖြစ် ပြန်လည်ခန့်အပ်မည်ကို ယုံကြည်ပြီး အလုပ်လုပ်ကိုင်ခဲ့ပါကြောင်း၊ ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်နှင့် ဥပဒေပါ ရပိုင်ခွင့်အား တောင်းဆိုပါကြောင်း ထွက်ဆိုချက်များအရ သိရှိရပါသည်။

အလုပ်ရှင်ကိုယ်စားလှယ် ဒေါ်အေးအေးစန်း၏ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံတွင် ထွက်ဆိုချက်များအရ- ဦးစိုင်းလင်းထွန်းပါ(၃)ဦးအား ECစာချုပ် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုခြင်းမရှိပါကြောင်း ဦးစိုင်းလင်းထွန်းမှ(၂-၃-၂၀၁၈)ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး လုပ်ခလစာငွေကျပ် (၆၅၀၀၀ိ/-)ဖြင့်လည်းကောင်း၊ ဦးကျော်စွာလင်းအား (၂၆-၉-၂၀၁၈)ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး လုပ်ခလစာငွေကျပ် (၁၈၀၀၀၀ိ/-)ဖြင့်လည်းကောင်း၊ ဦးဇော်ဇော်အောင်အား (၂၂-၆-၂၀၂၀) ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး လုပ်ခလစာငွေကျပ် (၁၈၀၀၀၀ိ/-) ဖြင့်လည်းကောင်း၊ ခန့်ထားသည်မှာ

မှန်ကန်ပါကြောင်း (၁၁/၂၀၂၁)မှ စတင်ပြီးနေ့ ဦးစိုင်းလင်းထွန်းပါ (၃)ဦးအား နေ့စားအဖြစ် ပြောင်းလဲခဲ့ပါကြောင်း၊ ကုန်ကြမ်းအသစ် မရရှိပါသဖြင့် စက်ရုံအား ကွမ်းသီးပေါင်း၍ အခြောက်ခံသည့် လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ဦးစိုင်းလင်းထွန်းပါ(၃)ဦးအား ကွမ်းသီးလုပ်ငန်းတွင် အမြဲတမ်း ဝန်ထမ်း (လစား)အဖြစ် ခန့်ထားမည်ဟု ထွက်ဆိုခဲ့ပါကြောင်း၊ Mr.Zhang Leping ကိုယ်တိုင်လာရောက်ဖြေရှင်းပါမည်ဟု ထွက် ဆိုပြောကြားခဲ့ပါကြောင်း ထွက်ဆိုချက်များအရ သိရှိခဲ့ရပါသည်။ ပဲခူးတိုင်းခုံသမာဓိအဖွဲ့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲ ပြောင်းလာသည့် အမှုတွဲအား ဆက်လက်ကြားနာစစ်ဆေးခဲ့ရာတွင် အလုပ်သမားအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ တောင်းဆိုလွှာ၊ ချေပလွှာများ တောင်းခံခဲ့ရာ အလုပ်သမားမှ တောင်းဆိုလွှာ ပေးပို့ခဲ့သော်လည်း အလုပ်ရှင်မှ ချေပလွှာပေးရန် ပျက်ကွက်ခဲ့ ပါသဖြင့် အလုပ်ရှင်ထံ ဆက်သွယ်ခဲ့ရာ အလုပ်ရှင်မှာ မော်လမြိုင် မြို့သို့ ခရီးလွန်နေပါကြောင်း (၁၈-၄-၂၀၂၂) ရက်နေ့တွင် ပဲခူး တိုင်းခုံသမာဓိအဖွဲ့ထံ အမှုရင်ဆိုင်မည်ဟု ခွင့်ပန်ကြားခဲ့ပါကြောင်း၊ ခုံသမာဓိအဖွဲ့မှ ဒုတိယအကြိမ် (၁၈-၄-၂၀၂၂)ရက်နေ့တွင် အမှု လာရောက်ရန် တရားဝင်စာပေးပို့ခဲ့ပါကြောင်း (၂၂-၄-၂၀၂၂)ရက် နေ့တွင် တတိယအကြိမ် အမှုလာရောက် ဖြေရှင်းရန် တရားဝင် စာအား ပေးပို့ခဲ့ရာ အလုပ်ရှင်မှ လာရောက်ခြင်းမရှိဘဲ ပျက်ကွက် ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ အလုပ်သမား ဦးစိုင်းလင်း ထွန်းပါ(၃)ဦးအား စစ်ဆေးခဲ့ပြီး (၃)ကြိမ်တိုင်တိုင် အလုပ်ရှင်ပျက် ကွက်ခဲ့သည့်အတွက် ခုံသမာဓိ အဖွဲ့ဆုံးဖြတ်ချက်အရ တစ်ဖက် သတ်ဆုံးဖြတ်ချက် ချမှတ်ခဲ့ရကြောင်း၊ ဦးစိုင်းလင်းထွန်းပါ(၃)ဦး အား ECစာချုပ် ချုပ်ဆိုရန် ပျက်ကွက်ခြင်းသည် အလုပ်ရှင်မှ တည်ဆဲဥပဒေ၊ နည်းဥပဒေ အမိန့်ကြေငြာစာကို ကျူးလွန်ဖောက် ဖျက်မှုပင် ဖြစ်ပါကြောင်း၊

သုံးသပ်ချက်အမှတ်(၂)။ ကွမ်းသီးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်း အမြဲတမ်းဝန်ထမ်းများအား အလုပ်ရှင်မှ မိမိသဘောဖြင့် နေ့စားအဖြစ်ပြောင်းရွှေ့၍ထားခဲ့သော်လည်း ဦးစိုင်းလင်းထွန်းပါ (၃)ဦး၏ထွက်ဆိုချက်များအရ တစ်လလျှင် (၂)ရက် (၃)ရက်သာ လုပ်ခရရှိပါသဖြင့် မိသားစုစားဝတ်နေရေး အခက်အခဲဖြစ်နေသည်ကို စစ်ဆေးတွေ့ရှိပြီး၊ စတင်အလုပ်ဝင်သည့်နေ့မှ စက်ရုံယာယီပိတ်သည့်ကာလနှင့် နေ့စားအဖြစ်ပြောင်းလဲခဲ့သည့်ကာလများတွင် သစ္စာရှိစွာလုပ်ကိုင်ခဲ့သည့် ဦးစိုင်းလင်းထွန်းပါ (၃)ဦးအား စက်ရုံပိုင်ရှင်မှ အလုပ်ယာယီပိတ်သိမ်းခြင်းသည် အလုပ်အား ရပ်စဲထားသည့်ကာလမှ တိုင်ကြားသည့် (၂၅-၃-၂၀၂၂)ရက်နေ့အထိ အလုပ်သမားများမှ လူမှုဂရုဏာကြေး (၂၂၀၀၀၀ဝိ/-)(ကျပ် နှစ်ဆယ့်နှစ်သိန်းတိတိ) တောင်းဆိုခဲ့သော်လည်း အလုပ်ရှင်၊ အလုပ်သမား ပြေလည်မှုမရှိခဲ့ပါသဖြင့် ဦးစိုင်းလင်းထွန်းပါ(၃)ဦးအား အလုပ်ရပ်စဲမှုနစ်နာကြေးကို အောက်ပါအတိုင်း လုပ်သက်အလိုက် အလုပ်ရှင်မှပေးချေရန် ဆုံးဖြတ်သည်။ အလုပ်သမားဝန်ကြီးဌာန၏ လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာန၏ (၃-၇-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ(၅၉)၊ ပုဒ်မခွဲ(ခ)နှင့် အလုပ်အကိုင်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ(၄၁)၊ ပုဒ်မခွဲ(ခ)နှင့်အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အလုပ်မှရပ်စဲခံရသော အလုပ်သမားများနှင့် ပတ်သက်၍ အလုပ်သမားများအားပေးအပ်ရမည့် နစ်နာကြေးများကို သတ်မှတ်ခဲ့ပြီးဖြစ်ပါသဖြင့် အလုပ်သမားများ ညှိနှိုင်းခဲ့စဉ် ပြေလည်မှုမရှိခဲ့ပါသဖြင့် ဦးစိုင်းလင်းထွန်းပါ (၃)ဦးအား အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် အလုပ်ရှင်တွင် တာဝန်ရှိကြောင်းသုံးသပ်သည်။

CS Scanned with CamScanner

အလုပ်ရှင် Mr.Zhang Leping အနေဖြင့် (သစ်အချောထည်စက်ရုံ)မှ ကုန်ကြမ်းများပျတ်လက်၍ လုပ်ငန်းသစ်ဖြစ်သော ကွမ်းသီးပေါင်း၍ အခြောက်ခံသည့်လုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်ရာတွင် ယခင်သစ်အချောထည်စက်ရုံမှ ဝန်ထမ်းများအား လုပ်ငန်းသဘာဝခြင်းမတူသည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် ဆန္ဒရှိ/မရှိ မေးမြန်းခြင်းမရှိဘဲ အလုပ်ရှင်မှ မိမိသဘောထားဖြင့် အမြဲတမ်းဝန်ထမ်း ဦးစိုင်းလင်းထွန်းပါ (၃)ဦးအား နေ့စားဝန်ထမ်းအဖြစ် ပြောင်းလဲခန့်ထားခြင်းသည် တည်ဆဲအလုပ်သမားဥပဒေများနှင့် ကိုက်ညီမှုမရှိခြင်း အလုပ်သမားများမှ ဆက်လက်လုပ်ကိုင်လိုခြင်းမရှိ၍ ညှိနှိုင်းခဲ့ပါသော်လည်း အလုပ်ရှင်မှ ညှိနှိုင်းခဲ့မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ ဦးစိုင်းလင်းထွန်းပါ(၃)ဦးသည်(၂/၂၀၂၂)လအထိ စက်ရုံတွင် ဆက်လက်လုပ်ကိုင်ခဲ့ရာ ဦးစိုင်းလင်းထွန်း၏ (၂/၂၀၂၂)လအတွက် လုပ်ခလစာငွေကျပ် (၁၂၀၀၀၀ိ/-)တိတိအား အလုပ်ရှင်မှ ပေးချေထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် သက်ဆိုင်ရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ ဦးစိုင်းလင်းထွန်း လုပ်ခလစာရရှိရေးအတွက် သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဆက်လက်၍ အလုပ်ရှင် Mr.Zhang Leping သည် အလုပ်ဌာနယာယီပိတ်သိမ်းမှုနှင့် ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာဦးစီးဌာနအဖွဲ့ရုံးများသို့ တရားဝင်ဆက်သွယ်အကြောင်းကြားမှုအား ခုံသမာဓိအဖွဲ့မှစစ်ဆေးခဲ့ရာတွင် ပဲခူးမြို့နယ်လူမှုဖူလုံရေးအဖွဲ့ထံ (၈/၂၀၂၁)လကုန်တွင် တရားဝင်အလုပ်ဌာန ယာယီပိတ်သိမ်းမှုအား တင်ပြထားသည်ကို စစ်ဆေးတွေ့ရှိရပြီး စက်ရုံယာယီပိတ်သိမ်းမှုနှင့် ပတ်သက်၍ အလုပ်

ရုံးနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ တင်ပြထားခဲ့ခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ အလုပ်သမား ဦးစိုင်းလင်းထွန်းပါ(၃)ဦးအား လုပ်ငန်းသဘာဝမတူညီသည့် ကွမ်းသီးလုပ်ငန်းသစ်တွင် လစားဝန်ထမ်းအဖြစ် ခန့်အပ်ထားမည်ဟု အလုပ်ရှင်၏ပြောကြားချက်မှာ မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရခြင်း၊ စက်ရုံယာယီပိတ်သိမ်းသည့် (၈/၂၀၂၁) လမှ ယခု(၄/၂၀၂၂) ကာလအထိ (၈)လ ကြာမြင့်သော်လည်း ဦးစိုင်းလင်းထွန်းပါ(၃)ဦး၏ စားဝတ်နေရေး ခက်ခဲနေသည်ကို စစ်ဆေးတွေ့ရှိရပါသဖြင့် အလုပ်သမားဝန်ကြီးဌာန၏ (၃-၇-၂၀၁၅) ရက်စွဲပါစာအမှတ်၊ အမိန့်ကြော်ငြာစာ (၈၄/၂၀၁၅) အရ လုပ်သက်အလိုက်နစ်နာကြေး ထုတ်ပေးသင့်ကြောင်း သုံးသပ်ရရှိပါသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ဦးစိုင်းလင်းထွန်းပါ (၃)ဦးအား အလုပ်ရပ်စဲမှု နစ်နာကြေးများကို အောက်ပါအတိုင်း ထုတ်ပေးရန်ဆုံးဖြတ်သည်။

| စဉ် | အမည် | အလုပ်ဝင်သည့်ရက် | လုပ်သက် | နစ်နာကြေး | နစ်နာကြေးငွေ စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဦးစိုင်းလင်းထွန်း | ၂-၃-၂၀၁၈ | ၃နှစ် ၁၁လ | ၆၅၀၀၀၀ိ/× ၃ | ၁၉၅၀၀၀၀ိ/- |
| ၂။ | ဦးဇော်ဇော်အောင် | ၂၂-၆-၂၀၂၀ | ၁နှစ် ၈လ | ၁၈၀၀၀၀ိ/× ၁ | ၁၈၀၀၀၀ိ/- |
| ၃။ | ဦးကျော်စွာလင်း | ၂၆-၉-၂၀၁၈ | ၃နှစ် ၅လ | ၁၈၀၀၀၀ိ/× ၃ | ၅၄၀၀၀၀ိ/- |
| | စုစုပေါင်း | | | | ၂၆၇၀၀၀၀ိ/- |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှသည် အာဏာတည်စေရမည်။

၄။ တောင်းဆိုမှုများအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်းပေးရမည်။

Scanned with CamScanner

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ကိုကိုနိုင်)
အတွင်းရေးမှူး

ဥက္ကဋ္ဌ

(ဦးအောင်ကျော်မင်း)
အဖွဲ့ဝင်

(သန်းနိုင်ဦး)
အဖွဲ့ဝင်

(ကျော်တင့်)
အဖွဲ့ဝင်

(စိုးလှိုင်)
အဖွဲ့ဝင်

(ခင်သောင်း)
အဖွဲ့ဝင်

(တင့်နိုင်)
အဖွဲ့ဝင်

(ခိုင်ခိုင်ဝေ)
အဖွဲ့ဝင်

(မင်းစိုးဟန်)
အဖွဲ့ဝင်

(စိုးနိုင်)
အဖွဲ့ဝင်